ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံ့ခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

သရက်တောကျေးရွာ၊ ကြာအင်းကျေးရွာအုပ်စု

၂၀၁၇ခုနှစ် ကြံ့ခင်းမြို့

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေလှသစ်တော ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ဧရာဝတီ မြစ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

# ကြံခင်းမြို့နယ် ကြာအင်းကျေးရွာအုပ်စုပြမြေပုံ




ကြာအင်းကျေးရွာအုပ်စုပြမြေပုံ

၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြာအင်းကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. ကြာအင်းကျေးရွာ

၂. ကြပ်ကွင်းကျေးရွာ

၃. သရက်တောကျေးရွာ

၄. ကိုးပင်ကျေးရွာ

၅. ကံဆယ်ကျေးရွာ

၆. ကြက်လျှာစွန်းကျေးရွာ

၇. ရှားဇီးဘို ကျေးရွာ

ကြာအင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၇)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

# လူထုဗဟိုပြု စီမံကိန်း

## သရက်တော ကျေးရွာသမိုင်း

သရက်တော ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကြာအင်းအုပ်စု အတွင်းတွင် တည်ရှိသော ရွာလေးတစ်ရွာ ဖြစ်ပါသည်။ အိမ်ခြေ (၅၆) အိမ်၊ လူဦးရေ (၂၉၉) ဦးဖြင့်ဖွဲ့စည်းထားသော ရွာလေးဖြစ်ပါသည်။ ရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။

ရွာ၏ သက်တမ်းမှာ နှစ်ပေါင်း (၂၀၀) ကျော်ခန့်ရှိပြီဟု ခန့်မှန်းသိရှိရပါသည်။ ရွာ၏ အနောက်ဘက်တွင် စမ်းချောင်းရွာရှိ၍ မြောက်ဘက်တွင် မြောင်ကြီးရွာ၊ ကြာအင်းရွာတို့ရှိပါသည်။ သရက်တောရွာသည် အုပ်စုရုံးရှိရာ ကျေးရွာနှင့် (၁) မိုင်ခန့်ကွာဝေးပါသည်။ ပုသိမ်မုံရွာ ကားလမ်းမနှင့် ၁ မိုင်ခန့်ကွာဝေးပါသည်။ သရက်တောရွာသည် ကြံခင်းမြို့မှ (၁၀) မိုင်ခန့် ကွာဝေးသော ရွာလေး ဖြစ်ပါသည်။

သရက်တော ကျေးရွာတွင် စာသင်ကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စေတီ၊ ပုထိုးများ မရှိ၍ ရွာသူရွာသားများမှာ ထိုအဆောက်အအုံများကို လိုချင်သော ဆန္ဒကိုယ်စီ ရှိနေကြပါသည်။ သာသနိက အဆောက်အအုံ အနေဖြင့် ဘုန်းတော်ကြီးကျောင်း တစ်ခုသာ ပိုင်ဆိုင်ထားကြပါသည်။ ရေရှားပါးသောရွာဖြစ်၍ ရေလုံလောက်စွာရရှိချင်သော ဆန္ဒ ဖြစ်ပေါ်လျက် ရှိပါသည်။

ရွာ၏ အဓိက စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးဖြစ်၍ ပဲမျိုးစုံကိုလည်း စိုက်ပျိုးကြပါသည်။

သဘာဝ ဘေးအန္တရာယ်အနေဖြင့် ၂၀၀၆ ခုနှစ်တွင် မာလာမုန်တိုင်း တိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရပါသည်။ ၁၃၄၀ ခုနှစ်ခန့်က ရွာလုံးကျွတ်မီးပါ၊ မီးဘေးအန္တရာယ်ကျရောက်ခဲ့သော ရွာလည်း ဖြစ်ပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 31.12.2016 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 4 | 4 | 8 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 31.12.2016 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 4 | 4 | 8 | -ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 31.12.2016 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | 7 | 8 | 15 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 31.12.2016 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 10 | 7 | 17 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | 31.12.2016 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 4 | 5 | 9 | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | 31.12.2016 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 4 | 6 | 10 | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | 3.1.2017 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | 25 | 15 | 40 | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | 3.1.2017 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | 25 | 15 | 40 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ပြဿနာသစ်ပင် (Problem Tree) | | အားလုံး | | | | -ဆွေးနွေးထားသောအခက်ခဲများ<br>-ဖြစ်ပေါ် လာရသည့်အကြောင်းရင်းများ အကျိုးဆက်များ<br>-မည်ကဲ့သို့ဖြေရှင်းရမည်နည်း။ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်း | 3.1.2017 | ကော်မတီဝင်များ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | 25 | 15 | 40 | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ



(က) လူမှုနှင့် သဘာဝအရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ


**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)**

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှု ဦးရေနည်းပါးပြီး အများစုမှာကျပန်းလုပ်သားများ၊ နေ့စားလုပ်သား များ ဖြစ်ကြသည်။
- ကျေးရွာသူ၊ကျေးရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။
- မိုးရာသီတွင် သောက်သုံးရေဖူလုံသော်လည်း နွေရာသီတွင် ရေရှားပါးသည်။
- သီးနှံစိုက်ပျိုးခြင်းများလုပ်ကိုင်ကြသည်။

**ဖွံ့ဖြိုးရေးလိုအပ်ချက်**

- ရွာတွင်းလမ်း
- စာသင်ကျောင်း(တိုက်ကျောင်း)
- ရွာချင်းဆက်လမ်း
- အစည်းအဝေးခန်းမ
- ရေတွင်းရေကန်
- လျှပ်စစ်မီး
- ဆေးပေးခန်း
- မူကြိုကျောင်း
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး
    - စိုက်ပျိုးရေးအတွက်ချေးငွေ

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ





(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

## ရာသီခွင်ပြ ပြက္ခဒိန်

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊  ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရရှိသည်။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေးဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေး-ဂါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေမတူ ညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့်ကျားမရေးရာသိမြင်ခံစားလာအောင်ဆွေးနွေး (အိမ်မှုကိစ္စပိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ



သရက်တောကျေးရွာ

ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း

ရက်စွဲ ၃၁.၁၂.၂၀၁၆

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | တိုက်ခံသစ်အိမ်၊ ဝမ်းစာဖူလုံမှု ပြည့်စုံ၊ ကလေးပညာချိန် (၉) နှစ်၊ ကား ၁စီး၊ ဆိုင်ကယ်၊ ထိုးလာဂျီ၊ ယာ (၈) ဧက၊ ထွန်စက်၊ နွား (၄) ကောင်၊ ဝက် ၅ကောင်။ | ၂၀ | ၂၇.၈% |
| အသင့်အတင့် | ထရံမိုးသွပ်မိုးအိမ်၊ ဝမ်းစာဖူလုံမှု (၁) နှစ်စာ၊ ကလေးပညာချိန် (၈) နှစ်၊ ဆိုင်ကယ်၊ ထိုးလာဂျီ၊ ယာ ၅ ဧက၊ နွား (၂) ကောင်၊ ဝက် ၂ကောင်။ | ၁၀ | ၁၃.၉% |
| မပြေလည်သောအုပ်စု | သွပ်မိုးထရံကာအိမ်၊ ဝမ်းစာဖူလုံမှု (၆) လစာ၊ ကလေးပညာချိန် (၇) နှစ်၊ ဓာတ်ကြိုး၊ နွားမွေးဘက်ဝေမွေး၊ ဝက် ၁ကောင်၊ ခြံမြေလုပ်ကိုင်။ | ၂၁ | ၂၉.၂% |
| နွမ်းပါးသောအုပ်စု | ဝါးအိမ်သက်ကယ်မိုး ထရံကာ၊ ဝမ်းစာဖူလုံမှု မရှိ၊ ကလေးပညာချိန် ပုံမှန်မရှိ၊ နေ့စားလုပ်သားများ၊ ဓာတ်ကြိုး၊ ဝက်မွေးဘက်ဝေမွေး။ | ၂၁ | ၂၉.၁% |
| ပါဝင်ဆွေးနွေးသူ - ကျား ၇ ဦး၊ မ ၈ ဦး<br>* လူထုစည်းရုံးရေးမှူး - ဒေါ်ခင်မိုင် | စုစုပေါင်း | ၇၂ | ၁၀၀% |

(၇) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်


<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>

## ဥစ္စာခနေကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- ( ဃ )အဆင့် နွမ်းပါးသောအုပ်စုတွင် အိမ်ထောင်စု(၂၁)အိမ်ထောင်စု ပါဝင်သည်။
- နွမ်းပါးရသောအကြောင်းအရင်းများမှာကျပန်းလုပ်ငန်းများလုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအားကျောင်းမထား နိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊လယ်ယာမြေ ပိုင်ဆိုင်မှုမရှိခြင်း စသည် တို့ကြောင့် ဖြစ်သည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကိုဦးစားပေး စဉ်းစား ရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော် လုပ်ငန်း များတွင် ကျေးရွာလူထုနွမ်းပါးသူများဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများ ရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း

စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ




(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း

အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**


ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင်အဓိကဦးဆောင်သည်။ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။ အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေးနာရေးများ နှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေး အဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၄င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ဧည့်ခံ ရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသမီးရေးရာ၊ မီးလင်းရေးအဖွဲ့၊ လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့
ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မီးလင်းရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာ မြို့နယ် အဖွဲ့အစည်း များနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ






(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်

အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းကို ဆွေးနွေးသုံးသပ်ခြင်း ဖြစ်သည်။
- အချုပ်စက်၊ မုန့်ကြိတ်စက် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ




<u>(င) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>

<u>ပင့်ကူအိမ်ကွန်ယက်</u>

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချခြင်းနှင့် ခေါင်းဆောင်မှုတို့တွင် အလွန်အားနည်းသည်။

အိမ်တွင်းမှုလုပ်ငန်းများတွင် အချိန်ကုန်ကာ ဝင်ငွေရရှိမှုလည်းနည်းသည်။

ရှေးရိုးစွဲအစဉ်အလာများနှင့် ပညာတတ်မြောက်မှုအားနည်းခြင်းတို့ကြောင့် အမျိုးသမီးများသည် မပြောရဲ၊ မဆိုရဲဖြစ် ရာမှ ပါဝင်ဆုံးဖြတ်ခွင့်မရှိပဲ ဖြစ်နေတတ်သည်။


အချို့သောကဏ္ဍများတွင် အမျိုးသားများ၏လွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ပြောဆိုခွင့်များနှင့် ဆုံးဖြတ်ခွင့်များ မှေးမှိန်နေတတ်သည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်နိုင်ဖို့အတွက် အမျိုးသားများ၏နေရာပေးမှုလည်း လိုအပ် သည်။

ကျေးရွာတွင် အသိပညာပေးဆွေးနွေးပွဲများကို အမျိုးသားနှင့် အမျိုးသမီး သီးခြားစီပြုလုပ်ခြင်း၊ အစည်းအဝေးပွဲများ တွင် အမျိုးသမီးများအား ပြောဆိုခွင့်ပေးခြင်း၊ ဆုံးဖြတ်ခွင့်ပေးခြင်းတို့ဖြင့် ၄င်းတို့အား လက်တွဲခေါ်ယူသင့်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း

စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်</u>




အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ကမ်းပါးပြိုနေသည့်အတွက် သွားလာနေထိုင်ရေး အဆင်မပြေခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လျှပ်စစ်မီးရရှိရန်ငွေကြေးမတတ်နိုင်ခြင်း၊ စသည့်အခက်အခဲများကို အမျိုးသားများက ဖော်ထုတ် ဆွေးနွေးကြသည်။


လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ ၊ လျှပ်စစ်မီးမရှိသော အခက်အခဲ၊ ကမ်းပါးပြိုနေသည့်အတွက် အိမ်မြေနေရာရှားပါးခြင်း စသည့်အခက် အခဲများကို အမျိုးသမီးများကလည်း ဖော်ထုတ်ဆွေးနွေးကြသည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။

အမျိုးသားများအဆိုပြုသော အခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ တူညီကြသည်။အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ




<u>(ဇ) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း</u>

မျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် ရွာလမ်းများကောင်းမွန်ရေးကို အဓိကအားဖြင့် မျှော်မှန်းထားကြသည်။ ထို့အပြင် ၎င်းတို့သည် ရွာချင်းဆက် လမ်းများ ကွန်ကရစ်လမ်းဖြစ်ရေး၊ သောက်သုံးရေဖူလုံရေး၊ ရွာတွင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရေး၊ ဆေးပေးခန်းဆောက်လုပ်နိုင်ရေး ၊တစ်ရွာလုံးလျှပ်စစ်မီးလင်းရေး စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ တစ်ရွာလုံးလျှပ်စစ်မီးလင်းနိုင်ရေး၊ စာသင်ကျောင်းဆောက်လုပ် နိုင်ရန် ရွာတွင်းလမ်းများကောင်းမွန်ရန်၊ သောက်သုံးရေဖူလုံရေး စသည်ဖြင့် မျှော်မှန်းထားကြသည်။

အမျိုးသားနှင့် အမျိုးသမီးတို့သည် အများအားဖြင့် မျှော်မှန်းချက်ခြင်း တူညီနေကြသည်။ ၎င်းတို့သည် အဓိကအားဖြင့် ရွာလမ်းများကောင်းမွန်ရေးကို မျှော်မှန်းထားကြသည်။ လမ်းများကောင်း မွန်ပါက ကျောင်းသားများလည်း သွားလာရေးအဆင်ပြေနိုင်သလို လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဘက်ဘက်မှ အဆင်ပြေချောမွေ့နိုင်မည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(စျ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ဦးစားပေးလုပ်ငန်းများ

**ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**

ကြာအင်းအုပ်စု၊ သရက်တောကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် မဲပေးခြင်းစနစ်ဖြင့်ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ဂုံးပေါက်(၃)ခုနှင့်ပေ(၂၀၀)ကွန်ကရစ်ခင်းရန်လုပ်ငန်းအား ဦးစာပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံး ရွာအရှေ့ပိုင်းတံတားပြုပြင်ခြင်းလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး ရွာတွင်းကွန်ကရစ်လမ်းလုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရေကာထာတည်ဆောက်ခြင်းလုပ်ငန်းအား ဦးစားပေး(၄)အဖြစ်လည်းကောင်း၊ စသည်ဖြင့် မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါ သည်။

အဓိကဦးစားပေးလုပ်ငန်းမှာ ဂုံးပေါက်(၃)ခုနှင့်ပေ(၂၀၀)ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဖြစ်သည်။ လမ်းများကောင်းမွန်ပါက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဘက်ဘက်မှ အဆင်ပြေနိုင်မည် ဖြစ်သည်။


လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ




ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



**ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များစာရင်း**



ဒုတိယနှစ် စီမံကိန်းအထောက်အကူပြုကော်မတီဝင်စာရင်း

သရက်တောကျေးရွာ ၁၁. ၅. ၂၀၁၆

| စဉ် | အဖွဲ့ | ရာထူး | အမည် |
|---|---|---|---|
| ၁ | ကျေးရွာ စီ/ထောက် | ဥက္ကဋ္ဌ | ဦးအောင်ဆိုင်းထူး |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်နှင်းဆီဖြူ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်မိုး |
| ၄ | | အဖွဲ့ဝင် | ဒေါ်သူဇာ |
| ၅ | | အဖွဲ့ဝင် | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မော်ဝင်း |
| ၇ | | အဖွဲ့ဝင် | ဦးမြင့်ဦး |
| ၈ | | အဖွဲ့ဝင် | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းငွေ |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ချိုသီရိအောင် |
| ၁၁ | | အဖွဲ့ဝင် | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦးစောမင်းထွန်း |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးရဲမိုး (၂) |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်အေး |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးမိုးကျော် |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်နွယ်နွယ်ဝင်း |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးစောမင်းထွန်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉ - ၇၉၁၇၆၉၈၅၉ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ဖူဖူမှိုင် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြာဂရီး | ကျေးရွာ သရက်တော |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၇၂ | ဘာသာ (၁) ဗုဒ္ဓ | ၇၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၇ ကျား ၁၅ + မ ၁၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၄၈ | ၁၅၅ |
| လူမျိုးစု (၁) ဗမာ | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၆၇ | ၅ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

## (ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ချောင်း ကူးရက်လမ်း

## (င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

## (စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ မိုင်ခွဲ (1.5 mil)/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ် ------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ---၁၅ မိနစ်------------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

## (ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---- မဟာမုန်တိုင်း ( ၂၀၀၆ )

**(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---------------ဖိုးယင်းရှုးဘုပ် ကော်မတီ

(၂) ----------------------------------

ကျေးရွာခေါင်းဆောင်　　အမည် ဦးဆောဖဲထွန်း

လက်မှတ်　　နေ့စွဲ ၃.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး　　အမည် ဒေါ်ခူခူမြိုင်

လက်မှတ်　　နေ့စွဲ ၃.၁.၂၀၁၇

*ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား* (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်-*** *သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ ပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည်- ဒေါ်စုစုလှိုင် | | | |
| နေ့စွဲ 31.12.2016 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း-ရောဂတီတိုင်း | မြို့နယ်- ကြံခင်းမြို့နယ် | ကျေးရွာအုပ်စု- ကြာအင်းအုပ်စု | ကျေးရွာ- ကံဆယ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစု တက်ရောက်သူရေအတွက် လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 31.12.2016 | 31.12.2016 | 32 | 38 | 32 | 70 ၊ ဗမာ |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 3.1.2017 | 3.1.2017 | 33 | 40 | 33 | 73 \| ဗမာ<br>\| |
| ၃. ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | 6.1.2017 | 6.1.2017 | 16 | 40 | 30 | 30 ၊ ဗမာ |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | | | | မလို |

| | | | | | | |
|---|---|---|---|---|---|---|
| ၅. မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖေါ်ရေးကော်မိတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | 17.2.2017 | 17.2.2017 | 18 | 15 | 22 | 43 ၊ ဗမာ |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 24.2.2017 | 25.2.2017 | 7 | 6 | 13 | 13 \|ဗမာ \| |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 24.2.2017 | 25.2.2017 | 7 | 6 | 13 | 13\|ဗမာ \| |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 24.2.2017 | 25.2.2017 | 7 | 6 | 13 | 13\|ဗမာ \| |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 27.2.2017 | 27.2.2017 | 25 | 18 | 29 | 43 \| ဗမာ \| |
| ၇. စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်လစဉ်အစည်းအဝေး | | | | | | မလို |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 14.3.2017 | 14.3.2017 | 21 | 20 | 22 | 41 \| ဗမာ \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 20.3.2017 | 20.3.2017 | 22 | 25 | 25 | 47 \| ဗမာ \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 24.4.2017 | 24.4.2017 | 18 | 20 | 21 | 38 \| ဗမာ<br>\| |
| ၈. စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 10.5.2017 | 10.5.2017 | 20 | 20 | 22 | 40 \| ဗမာ<br>\| |
| ၉. လူထုစစ်ဆေးပွဲအစည်းအဝေး | 11.5.2017 | 11.5.2017 | 28 | 47 | 33 | 75\| ဗမာ<br>\| |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် စန်းဝင်းမြင့် | | | |
| နေ့စွဲ ၃၁.၁၂.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြာခင်း | ကျေးရွာ သရက်တော |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | နွေရာသီ ရေရှားပါးခြင်း၊ ရေကာတာမရှိခြင်း။ | ၁ | မိုးတွင်းအခါ ချောင်းရေလျှံမှုကြောင့် လူနှင့် တိရစ္ဆာန်များ သွားရာ ခက်ခဲခြင်း |
| ၂ | ကုန်ထုတ်ပစ္စည်း ဆက်သွယ်ရေး လမ်း မကောင်းခြင်း။ | ၂ | ကျေးရွာ၏ ဖွံ့ဖြိုးရေး ခက်ခဲမှုကြောင့် စီး မပြေနိုင်ခြင်း |
| ၃ | ထယ်ထိုးချက်ရန်၊ တင်း၊ မျိုးစေ့ ရှားပါးခြင်း။ | ၃ | တံတား ပျက်စီး၍ လေးလံဝန်များဖြင့် သွားမရခြင်း |
| ၄ | ကျေးရွာတွင်းလမ်း မကောင်းခြင်း။ | ၄ | ကျန်းမာရေး အတွက် ဆေးခန်းမရှိ၍ အခြား သွားရခြင်း |
| ၅ | တံတားကောင်း မြဲဖြစ်ရန် ခက်ခဲခြင်း | ၅ | ဆက်သွယ်ရေး တာလမ်း ပျက်စီး၍ အဝေး ခရီးသွားရာ ခက်ခဲခြင်း |
| ၆ | ဓါတ်တိုင် နှင့် မီးကြိုး ဆက်သွယ်ရန် ငွေကြေး မလုံလောက်ခြင်း။ | ၆ | အလယ်တန်း ကျောင်းပညာတွင် ရေရာမရှိသဖြင့် ကလေးများ၌ ကျောင်းပရခြင်း |
| ၇ | လျှပ်စစ်မီး ရရှိရန် ဓါတ်အားလိုင်းနှင့် ဝေးကွာခြင်း။ | ၇ | |

၈။ အိမ်တိုင်း ရေလုံလောက်မှု မရှိခြင်း

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာကလေးတွင် ဆေးခန်းနှင့် ဆရာဝန်တိုက် ရှိရမည်။ | ၁ | အချို့ဖိုင်းရှိ သစ်သားတံတားသည် ကွန်ကရစ် တံတားကြီး ဖြစ်ရမည်။ |
| ၂ | ရွာဝင်လမ်း ကုံးပေါက်များ ကောင်းမွန်ရမည်။ | ၂ | ကျေးရွာတွင်း ဆေးခန်းရှိရမည်။ |
| ၃ | ရွာဝင်လမ်းနှင့် ရွာတွင်းလမ်း ကွန်ကရစ် လမ်း ဖြစ်ရမည်။ | ၃ | လျှပ်စစ်မီး သုံးစွဲ နိုင်ရမည်။ |
| ၄ | ရွာတွင်း တံတားကြီး ကွန်ကရစ်တံတား ဖြစ်ရမည်။ | ၄ | အခြေခံပညာ၊ မတ္တသတ ကြွေပေါ်ဆောင်ရန် စာကြည့်တိုက် ရှိရမည်။ |
| ၅ | မိုးရာသီ ရေကြီးရေလျှံမှုမှ လွတ်မြောက်ရမည်။ | ၅ | ရွာတွင်း လမ်း ကွန်ကရစ် ခင်းနိုင်ရမည်။ |
| ၆ | အိမ်တိုင်းသို့ လျှပ်စစ်မီး လင်းနိုင်ရမည်။ မူလတန်း ကျောင်းရှိရမည်။ | ၆ | ကျေးရွာဆက်သွယ်ရေး လမ်း ကွန်ကရစ် လမ်း ဖြစ်ရမည်။ |
| ၇ | ကျေးလက် ကျန်းမာရေး ဆေးခန်းရှိရမည် | ၇ | အရေးပေါ် လူနာတင် ကားတစ်စီး ရှိရမည်။ |

၈။ အိမ်တိုင်း ရေသန့်ဖြင့် သုံးစွဲနိုင်ရမည်။

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဝိုးပေါက် ၃ ခု နှင့် ပေ ၂၀၀ ကွန်ကရစ် လမ်း လုပ်ရန် | ကျား | ၄၀ သိန်း | ၃၃၃ ဦး |
| ၂ | ရွာအရှေ့ပိုင်း တံတား ပြုပြင်ခြင်း | ကျား + မ | ၁၅၀ သိန်း | ၃၃၃ ဦး |
| ၃ | ရွာတွင်းလမ်း ကွန်ကရစ် လမ်း လုပ်ရန် | ကျား + မ | ၃၀၀ သိန်း | ၃၃၃ ဦး |
| ၄ | ဇရဂါတာ ပြုလုပ်ထားရန် | ကျား | ၁၀ သိန်း | ၃၃၃ ဦး |
| ၅ | ကျေးရွာ ဆရာ့ဥပဒ် တိုက် ဆောက်ရန် | ကျား + မ | ၅၀ သိန်း | ၃၃၃ ဦး |
| ၆ | အားပေးခန်း ဆောက်ရန် | ကျား + မ | ၅၀ သိန်း | ၃၃၃ ဦး |
| ၇ | မူလတန်း ကျောင်းဆောက် ရန်။ | ကျား + မ | ၂၀၀ သိန်း | ၃၃၃ ဦး |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဈေးပေါ် လူနာတင် ယာဉ် | မ | |
| ၂ | ကျေးရွာ ဓမ္မာရုံ | ကျား | |
| ၃ | လျှပ်စစ်မီး Transfer | ကျား | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးအောင်ဘုန်းထူး လက်မှတ် အောင် နေ့စွဲ ၃.၁.၂၀၁၇

ဒေါ်ချင်းဂိမြ ကြီး ၃.၁.၂၀၁၇

လူထုဗဟိုပြုပြီစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ၊ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့က အကူအညီဖြင့်ဖြည့်စွက်ရမည်။ဤပုံစံအားဖြည့်စွက်ပြီးပါက ကျေးရွာအုပ်စု[illegible]တိုးတက်ရေးစီမံချက်တွင် နောက်ဆက်တွဲအဖြစ်တွဲထားရမည်၊ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်၊ | | CF ၄ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်နုနုလှိုင် | [illegible] ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| နေ့စွဲ ၆.၅.၂၀၁၇ | ကျေးရွာအုပ်စု ကြပ်ကွင်း | |
| ပြည်နယ်/တိုင်း ရေဝိုင်း | မြို့နယ် ကြခင်း | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ကြပ်ကွင်း | ဆက်ရေကွင်း ရေသွင်းရေကန် ရေပိုက်သွယ်တန်း ခြင်း ရေစက်ရုံ | (၂"ဖ ၂၀၀')x၂ (၄'ဖ ၁၆'x၃လုံး) ၁၀၀၀ (၆'x၅'x၇') | ၃၉၇ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၂၇ သိန်း | ၁ သိန်း | - | | ၂၈ သိန်း |
| ရွာ:ရိုးဘို | ဆက်ရေကွင်း ရေကန် ရေပိုက်သွယ်တန်းခြင်း ရေစက်ရုံ | (၂"ဖ ၁၀၀') (၁၀'x၈'x၅'-၆") (၄၀၀') (၆'x၅'x၇') | ၁၆၃ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၃၃ သိန်း | | - | | ၃၃ သိန်း |
| ကိုးပင် | ဆက်ရေကွင်း ရေကန် ရေပိုက်သွယ်တန်းခြင်း ရေစက်ရုံ | (၂"ဖ ၁၅၀') (၁၀'x၈'x၅'-၆") (၁၀၀၀') (၆'x၅'x၇') | ၁၁၄ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၃၃ သိန်း | ၁ သိန်း | - | | ၃၄ သိန်း |

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်ခွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကြာရင်း | မြေသားလမ်း ဖော်ခြင်းနှင့် ချောင်းကျောက် [illegible]ခြင်း | (၁၆၀၀'x၁၀'x၁'-၀") (၁၆၀၀'x၁၀'x၀'-၆") | ၃၉၆ | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၃၅ သိန်း | | | | ၃၅ သိန်း |
| ကံဆယ် | - စက်တားချုံးကျ လမ်း [illegible]ခြင်း - ဘောင်းကျောက်ရ ရေကျော်[illegible] ကွန်ကရစ်ခင်းခြင်း | (၁၇'-၀"x၁၁'-၀") (၅၀'x၁၀'x၀'-[illegible] x၂ [illegible]) | ဖြ ၅ ခု | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၂၈ သိန်း | | | | ၂၈ သိန်း |
| သရက်တော | - ကုံးပေါက်ယှာ နှင့် ကွန်ကရစ် လမ်း ၆ပ (၁၀၀') | (၁၃'-၀"x၅'-၃" [illegible]) (၁၃'-၀"x[illegible] ၂'-၉") (၁၀၀'x ၁၀'-[illegible] -၀'-၈") | ၃၀၃ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၄၀ သိန်း | | | | ၄၀ သိန်း |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ဖွောက်ကော်မတီ ဥက္ကဌ အမည် ဦး[illegible]

လက်မှတ် [signature] ရက်စွဲ ၉.၁.၂၀၁၅

ပုံစံPC-၄ကျေးရွာ ခွဲဝေရွေးချယ်ခြင်းပုံစံ

| | |
|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်စုရှင်ပိုင် (CF) ၊ ဒေါ်[illegible] (TF) | |
| နေ့စွဲ ၆.၁.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း- ဧရာဝတီ မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု ကြံခင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းအကျိုးခံစားရမည့်အရေအတွက် | အကျိုးပြုမည့်အုပ်စု | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ရှိပါက) ထည့်ဝင်သူ | အရေ/အတွက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ကိုးပင် | စက်ရေတွင်း ရေကန် နှင့် ရေစက်၊ ရေပိုက် | (၁၀'×၈'×၆') လက်/၂" စုစုပေါင်း ၆၀' (၆'×၅'×၇') ရေစက်ရုံ ၁၀၀' ပိုက်ရေပိုက် | ၁၁၄ ဦး | □အမျိုးသား □အမျိုးသမီး ✓အမျိုးသားနှင့်အမျိုးသမီး | ၃၃ သိန်း | | | | ၃၃ သိန်း |
| ကြပ်ကွင်း | စက်ရေတွင်း ရေကန် နှင့် ရေပိုက် | ၂"φ ၂၅၀' တွင်းနက် (၆'×၅'×၇') ရေစက်ရုံ ပိုက် ၅၀၀ ကျင်း | ၁၃၇ ဦး | □အမျိုးသား □အမျိုးသမီး ✓အမျိုးသားနှင့်အမျိုးသမီး | ၂၇ သိန်း | | | | ၂၇ သိန်း |
| ရွာသစ်ကြီး | စက်ရေတွင်း ရေကန် နှင့် ရေပိုက် | ပေ-၃၅၀ ပိုက် (၁၀'×၈'×၆') ကန် (၆'×၅'×၇') ရေစက်ရုံ ပေ-၁၁၀၀ ပိုက် | ၁၆၃ ဦး | □အမျိုးသား □အမျိုးသမီး ✓အမျိုးသားနှင့်အမျိုးသမီး | ၃၃ သိန်း | | | | ၃၃ သိန်း |
| | | | | □အမျိုးသား | | | | | |

ကွန်ကရစ်လမ်း +
ရိုးပေါက်(၃) ခု

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်ကွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| သာရက်တော | ၁၀၀'×၁၀'×၀'-၆" (၁၃'×၇'-၃"×၄'-၉") ရိုးပေါက် (၁၂'×၄'-၃"×၃'-၃") (၂'×၄'-၃"×၃'-၃") | | ၃၀၃ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၄၀ သိန်း | | | | ၄၀ သိန်း |
| ကြာအင် | တာကျိုး မြေဖို့ရန်နှင့် လမ်းခင်းရန် | ၄၃'×၁၈'×၈' ၂၅'×၁၈'×၁၀' ၁၆၀၀'×၁၅' ၁'-၆" | ၃၉၆ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃၅ သိန်း | | | | ၃၅ သိန်း |
| ကံဆယ် | ရှာငင်တိုတား ချဉ်ကပ်လမ်း ရွာလည်လမ်း ကားအကျော် | (၁၇'-၀'×၁၁'-၀") ၁၀၀'-၀"×၁၀' | ၆၄၇ ဦး | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၂၈ သိန်း ၂၈ သိန်း | | | | ၂၈ သိန်း ၂၈ သိန်း |
| | မိရန် ၂၃ ကွန်ကရစ် ခင်းရန် | ၀'-၆" ×၂ | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည် ဦး[illegible]

လက်မှတ် [signature]    ရက်စွဲ ၉.၁.၂၀၁၇

သပ

[illegible]

# အစည်းအဝေးမှတ်တမ်း

**လူထုဖော်ပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု - ကြာအင်း** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - သရက်တော** **ရက်စွဲ- 31, 12, 2016**

သရက်တောကျေးရွာ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(31, 12, 2016)ရက်နေ့ တွင် ရပ်မိရပ်ဖတစ်ဦး၏နေအိမ် ၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင်ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြာအင်း** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - သရက်တော** **ရက်စွဲ - 3, 1, 2017**

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို( 3, 1, 2017 )ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL )များအား ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ် ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တ ရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်း အစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစား ပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်း ကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေး လုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ် သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာ စီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

ကြာအင်းရပ်ဝ
၁၁ရက်အောကျေးရွာ

## ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁. | ဂုံးပေါက် (၃၁၃ နှင့် ၆၀-၂၀၀) ကွန်ကရစ်လမ်း | ကျား | ၂၀၁၇ | ယူအက်စ်ဒီပီ | |
| | ၂. | ရွာ့အရှေ့ပိုင်း တံတား ပြုပြင်ရန် | ကျား+မ | | | |
| | ၃. | ရွာတွင်းလမ်း ကွန်ကရစ်လမ်း | ကျား+မ | | | |
| | ၄. | ရေကာတာ ပြုလုပ်ရန် | ကျား | | | |
| | ၅. | ကျေးရွာစာကြည့်တိုက် | ကျား+မ | | | |
| အသက်မွေးဝမ်းကျောင်း / စီးပွားရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်ပတ်ဝန်းကျင် | ၁. | သားဖွားခန်း ဆောက်ရန် | ကျား+မ | | | မြို့နယ်ကျန်းမာရေး |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁. | မူလတန်းကျောင်းဆောက်ရန် | ကျား+မ | | | မြို့နယ် ပညာရေး |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁. | အရေးပေါ် လူနာတင်ယာဉ် | မ | | | |
| | ၂. | ကျေးရွာ ဓမ္မာရုံ | ကျား | | | |
| | ၃. | လျှပ်စစ်မီး Transfer | ကျား | | | မြို့နယ် EPC ရုံး |
| | | | | | | |
| | | | | | | |